معين الصّرف
على
خاصيّات الابواب

باب များ၏ထူးခြားချက်များ

علم الصّرف ۴

တည်းဖြတ်သူ – အလ်ဟာဂ်ိအော်လာနာဂရမသွားန် – ဦးဘိုတင် – ကျောင်းအုပ်ဆရာကြီး(ငြိမ်း)

စုစည်းတင်ပြသူ – မွတ်သီဗိုဟမ္မဒ်ကဟိန် – မဒနီ – (ဆောင်ကြီး)

خاصيات

m

စဉ်	အကြောင်းအရာ	စာမျက်နှာ
1	တည်းဖြတ်သူ၏အမှာစာ	ဂ
2	အလ်ဟာဂျ်မောင်လာနာဂျမာလွတ်ဒီးန်၏အမှာစာ	ဃ
3	အလ်ဟာဂျ်မောင်လာနာယူနွတ်ခ် ဦးခိုးသိန်း၏အမှာစာ	ဇ
4	ပန်ကြားလွှာ	၎
5	اسم ၏အမျိုးအစားများ	1
6	رباعی နှင့် ثلاثی	2
7	خماسی နှင့် وزنများ	3
8	مصدر اسم နှင့် وزنများ	5
9	فائده များ	8
10	اسم فاعل နှင့် اسم مشتق	10
11	اسم مبالغة ၏ وزنများ	11
13	اسم مفعول နှင့် وزنများ	12
14	اسم آله နှင့် اسم تفضيل	13
15	صفت مشبهه ၏ وزنများ اسم ظرف နှင့်	14
16	خاصيت ၏ لغوی နှင့် اصطلاحی	17

خاصيات

17	خاصية ضرب / نصر /سمع	18
18	خاصية حسب فتح / كرم	20
19	علامت باب	21
20	خاصية باب اِفعال -၁၅-မျိုး	23
21	خاصية باب تفعيل -၁၃-မျိုး	30
22	خاصية باب تَفَعُّل -၁၁-မျိုး	35
23	خاصية باب مفاعلت -၄-မျိုး	39
24	خاصية باب تفاعُل -၆-မျိုး	42
25	خاصية باب اِفتعال -၆-မျိုး	44
26	خاصية باب اِستفعال -၁၀-မျိုး	46
27	خاصية باب اِنفعال -၅-မျိုး	49
28	خاصية باب اِفعيعال -၄-မျိုး	51
29	خاصية اِفعِيلالٌ باب اِفعِلال -၄-မျိုး	52
30	خاصية فَعلَلَةٌ باب اِفْعِوّال	53
31	خاصية باب تَفعّل /اِفعِنلال /اِفعِلّلال	55
32	ထပ်ခါထပ်ခါပါရှိသော خاصية	58

-တည်းဖြတ်သူ၏အမှာစာ -

အလ်ဟာဂ်ျ မောင်လာနာ ရမသွားန် - ဦးဘိုတင် - (ကျောင်းအုပ်ဆရာကြီးဦးမိုး)

نحمده و نصلى على رسوله الكريم ـ أمّابعد

လေးစားအပ်ပါသော ဓာရှူသူအပေါင်းတို့ခင်ဗျား !

ယခုမိတ်ဆွေ၏ လက်ဝယ် ရောက်ရှိနေသော ကျမ်းစာငယ်မှာ မန္တလေးတိုင်းဒေသကြီး - ပျော်ဘွယ်မြို့နယ် - ယင်းတော်ရွာရှိ မဒီနသုလ်အုလူးမ် အရဗီတက္ကသိုလ်တွင် ဒေါင်ရာဟ်ဟဒီးဆ်တန်း၌ သာသနာ့ပညာများကို သင်ကြားပို့ချနေသော ကျွန်တော်၏တပည့်ရင်း မောင်လာနာမွဖ်သီမိုဟမ္မဒ်ဇာဟစ်ဒ်(ဆွာဟိဗ်) စီစဉ်ရေးသားထားသော خاصيات الأبواب ကျမ်းငယ်တစ်စောင်ဖြစ်ပါသည်။

မွဖ်သီဆပ်သည် ငယ်စဉ်ကျောင်းသားဘဝမှ စ၍ ယနေ့တိုင်သာသနာ့ပညာ ဆည်းပူးရာတွင် သူမတူအောင် နှိုက်နှိုက်ချွတ်ချွတ်တိတိကျကျ လေ့လာလေ့ရှိပြီးသာသနာ့ကျောင်းတော်ကြီးများတွင် သင်ကြားလျှက်ရှိသော فُنـونات ဘာသာရပ်များကို အကျိုးရှိစေမည့်အထောက်အကူပြုစာပေများကို မြောက်များစွာထုတ်ဝေပြီး ဖြစ်ပါသည်။

ယခုမှာလည်းအရဗီစာပေ၏ဘာသာရပ်များတွင် صرف ဂိုဏ်းစဉ်ပညာရပ် မှ တစိတ်တဒေသဖြစ်သော خـاصيات الأبواب နှင့်ပတ်သက်သည့်ကျမ်းငယ်ကို အရဗီကျောင်းကြီးများတွင်ပညာသင်ကြားလျှက်ရှိသောကျောင်းသား/သူ

များအတွက်အကျိုးရှိစေရန်အလို့ငှာထပ်မံ ထုတ်ဝေလိုက်ပါသည်။ الحمد لله

ဤကျမ်းငယ်အား လေ့လာကြည့်ရှု တည်းဖြတ်ပေးရန် ကျွန်တော့်အား တာဝန်ပေး၍ ကြည့်ရှုစစ်ဆေးကြည့်ရာ တိုတိုတုတ်တုတ်နှင့် အရေးကြီးသောအ ကြောင်းအရာများကို ဖော်ပြထားပြီး မှန်ကန်ကြောင်းထောက်ခံအပ်ပါသည်။

ဤကျမ်းငယ်တွင်ပါဝင်သော صرف ပညာ၏ قاعدة များကိုကျမ်းကျင် နားလည်မှုမရှိဘဲ- အရဗီစာပေကိုနားလည်ရန် မဖြစ်နိုင်ပါ။

ထို့ကြောင့်မြန်မာပြည်အဝှမ်းရှိအရဗီစာပေကိုလေ့လာဆည်းပူးနေကြ သော ကျောင်းသား/သူ များအနေနှင့်ဤကျမ်းငယ်ကို စိတ်ဝင်တစားလေ့လာကြ ရန်နှင့် ဤကျမ်းကိုပြုစုသူမှဖဿီဆပ်အား ဆထက်တမ်းပိုးတိုး၍သာသနာ့စာစဉ် များကိုပြုစုရေးသားနိုင်ပါစေဟု ဆုမွန်ဒိုအာပြုရင်း ....

29/10/2018

အလ်ဟာဂျ်မောင်လာနာရမသွားန်-ဦးဘိုတင်

ကျောင်းအုပ်ဆရာကြီး(ငြိမ်း) - ယင်းတော်

- အမှာစာ -

ရှိက်ခ်ခွလ်ဟဒီးဆ် အလ်ဟာဂ်ျ မောင်လာနာ ဂုမာလွတ်ဒီးန် ဆွာဟိဖ် (မဒနီ)

ကျောင်းအုပ်ဆရာကြီး အဂိဂီယာ အစ္စလာမ်ဘဏ္ဍာရေဗိဒ္ဓာသိုလ်

بسم الله الرحمن الرحيم

الحمد لله وحده والصلاة والسلام على من لا نبى بعده وعلى آله أجمعين .

အစ္စလာမ် ဘာသာဝင်များအဖို့အမိဝမ်းမှကျွတ်သည့်နေ့မှစ၍နောက်ဆုံးထွက်သက်ထိ ဆက်ဆက် ထိတွေ့ရမည့် ရှဟာဒါသ်ကလေမတ်သည် အရဗီ(အရဗ်) စာပေပင်ဖြစ်ပါသည်။

ရှေးတမန်တော်များထံ ထုတ်ပြန်ချမှတ်သည့် ကျမ်းစာများသည်အရဗီစာပေနှင့်သာ ဖြစ်ကြောင်းသာဝကကြီးအိမ်နေအမွှားစ်သွင်ကမိန့်ဆိုခဲ့သည်။ တမန်တော်မြတ်မိုဟမ္မဒ် ﷺ သည် အရဗ်လူမျိုးဖြစ်သကဲ့သို့ ကုရ်အာန်ကျမ်းတော်မြတ်သည်လည်းအရဗ်စာပေနှင့်သာဖြစ်ရှိသည်။နောင်အာခေရသ် တွင်ပြောဆိုရမည့် ဘာသာစကားသည်လည်းအရဗီစကားပင်ဖြစ်သည်။ထိုစာပေသည် لغة ـ صرف ـ نحو ـ بلاغة ـ فصاحة စသည့်စသည့် ဘာသာရပ်များလည်းပါဝင်လျက်ရှိခြင်းနှင့်အတူသိမ်မွေ့နက်နဲကြွယ်ဝသောရှေးအကျဆုံးသောစာပေဖြစ်ခြင်းတို့ကြောင့် ဂန္ထဝင်စာပေဖြစ်ရုံသာမက ဂုဏ်တော်အနန္တ၊ ဝိဘက်တော်အနန္တနှင့်ပြည့်စုံတော်မူသောအလ္လာဟ်အရှင်မြတ်၏ရုံးတော်စာပေဖြစ်ခြင်းတို့ကြောင့် ကျွန်ုပ်တို့မွတ်စ်များအဖို့ ဤစာပေကို ချစ်ခင်

လေးစားတန်ဖိုးထားရပေမည်။

အရဗီစာပေကိုလေ့လာဆည်းပူးသင်ကြားလိုသူများသည် ဦးစွာပထမ အဓိကကျသည့် نحو ـــ صرف ـــ لغة စသည့်အခြေခံဘာသာရပ်များကို ကျွမ်းကျင်အောင်သင်ယူဆည်းပူးရပေမည်။၎င်းဘာသာရပ်များတွင် صـــــرف ဘာသာရပ်သည် လွန်စွာခက်ခဲနက်နဲကျယ်ပြန့်သော ဘာသာရပ်ဖြစ်သည်။ယင်းတို့တွင် (خـاصيـات الأبواب) باب များ၏ထူးခြားမှုများသည်များစွာအရေးပါလှပေသည်။ بـــاب ပြောင်းလဲမှုအပေါ်အဓိပ္ပါယ်များပြောင်းလဲပေသည်။ بـــاب ၏ خـــاصيـــات ကိုနားမလည်ပါကအဓိပ္ပါယ်ပြန်ဆိုရာတွင် မှန်ကန်မည်မဟုတ်ပေကျွန်ုပ်တို့အာလင်မ်များမှ အချို့သည် بـاب ၏ خـــاصيـــات များကိုလေ့လာဆည်းပူးမှုအားနည်းနေသည်ကိုတွေ့ရသည့် အတွက်ကြောင့်ကျွန်ုပ်သည်လွန်ခဲ့သည့်နှစ်များစွာကပင် بـاب များ၏ خـــاصيـــات ကိုပြန်ဆိုရေးသားရန်စိတ်ဆန္ဒများမကြာခဏပေါ်ပေါက်ခဲ့သော်လည်း မရေးဖြစ်ခဲ့ပါ။

ယခုအခါကျွန်ုပ်၏သားတပည့်ဖြစ်သူ ဘာသာရေး၊ ပညာရေးတွင်လုပ်ကိုင်လျက်ရှိသော - مـحـمـد عـبـد الـلـه الـمـحـمـد ကိုအထက်တန်းပြဆရာတပါးဖြစ်သည့် မောင်လာနာမွဖ်သီဇာဟိဒ်မှ بـــاب များ၏ خـــاصية ကိုပြန်ဆိုရေးသားပြုစုပြီးဖြစ်၍ဝမ်းသာအားရကျေနပ်ပါသည်။မောင်လာနာ့အားအထူးကျေးဇူးတင်မိပါသည်။အရဗီစာပေကိုထိရောက်စွာတတ်မြောက်သင်ယူလိုသူများအဖို့အထူးဆုလဒ်ကြီးပင်ဖြစ်သည်ဟုဆိုခြင်ပါသည်။

အရဗီကျောင်းများ၏အခြေခံများတွင် صـــرف ပညာရပ်အဆင့်(၃/၄) တို့၌ဤစာအုပ်အားပြဋ္ဌန်းသင်ကြားပေးခြင်းတို့ဖြင့် ကျောင်းသားများကိုများစွာအကျိုးရှိမည်ဖြစ်ပါသည်။မောင်လာနာဆပ်မှလည်းနောက်နောင်တွင်ကျောင်းသုံးဘာသာရပ်ဆိုင်ရာ/ဘာသာရေးဆိုင်ရာစာအုပ်များထုတ်ပြန်နိုင်ပါစေဟုဒိုအာပြု ပို့အပ်ပါသည်။

ရှိုက်ခ်ခွလ်ဟဒီးဆ် အလ်ဟာဂ်ျမောင်လာနာ ဂျမာလွတ်ဒီးန်

ကျောင်းအုပ်ဆရာကြီး

အဇီဇီယာအစ္စလာမ့်အရဗီတက္ကသိုလ်

- အမှာစာ -

ရှိုက်ခ်ခွလ်ဟဒီးဆ်အလ်ဟာဂ်ိမောင်လာနာယူန္နတ်စ် - ဦးစိုးသိန်း - ဆွာဟိဗ်(ဗဒနီ)

ဟာဒါယသုလ်အုလူးဗ်အန္ဓလာမ်ဒ်အရဗီဘက္ကွသိုလ် - ရုမည်းသင်းခြို့

بسم الله الرحمن الرحيم

الحمد لله الذى فضل بنى آدم بالعلم والعمل على جميع العالم . والصلاة والسلام على محمد سيدالعرب والعجم وعلى آله واصحابه ينابيع العلوم والحكم وبعد ـ

အစ္စလာမ် သာသနာတော်၏ ကျင့်ရန် ကျည်ရန် ပညာတ်တော်များကို ကုရ်အာန်ကျမ်းတော်မြတ်နှင့်တမန်တော်မြတ် ﷺ ၏ဟဒီးဆ်တော်များမှ ထုတ်နုတ်ထားခြင်းဖြစ်သည်။တတ်သိနားလည်း၊ လိုက်နာကျင့်သုံးခြင်းသည် သာသနာတော်၏အဓိကအချက်ပင်ဖြစ်သည်။သာသနာ့ကျောင်းတော်များဖွင့်လစ်သင်ကြားခြင်း၏အဓိကရည်ရွယ်ချက်မှာလည်းဤသည်ပင်ဖြစ်သည်။သာသနာတော်၏ ဥပဒေကျမ်းဖြစ်သည့် ကျမ်းတော်မြတ်ကုရ်အာန်၊ တမန်တော်မြတ် ﷺ ၏ဟဒီးဆ်ကျမ်းတော်များ၊ ဆွဟာဗဟ် رضي الله عنهم များနှင့် သာဗေအီ رحمه الله သခင်ကြီးများ၏ ကျင့်သုံးမှုဖြတ်ထုံးကျမ်းဂန်များသည် မူရင်းအရဗီစာပေဘာသာရပ်ပင်ဖြစ်သည်။အဆိုပါအရဗီစာပေကျမ်းစာများကိုသဘောပေါက်နိုင်ရန် لغة ـ ادب ـ صرف ـ نحو စသည့်ဘာသာရပ်များကို တတ်သိရှိရန်လွန်စွာအရေးကြီးပေသည်။

مصدر ခေါ် မူရင်းစာလုံးများ၊ ၎င်းမှ أفعال ကြိယာပြစကားလုံးများ၊ တခုကိန်း၊ နှစ်ခုကိန်း၊ အများကိန်း၊ သူ/သူမ၊ အသင်/အသင်မ၊ ကျွန်တော်/ကျွန်မစသည့်

ကိန်းများ၊ ကွဲထွက်သုံးနှုံးပုံများ၊ ကာလသုံးပါးပေါ်အခြေခံ၍ ကြိယာပြောင်းလွဲသုံးစွဲပုံ၊ اسم ခေါ် နာမ်စကားလုံးများဖြစ်သည့် ပြုလုပ်သူပြနာမ်၊ ပြုလုပ်ခံရသူပြနာမ်၊ ပြုလုပ်သည့် အချိန်နေရာပြနာမ် စသည်တို့ပြောင်းလွဲသုံးစွဲသည့်ပုံစံများကို صرف ပညာဖြင့် သာ သိရှိရပေမည်။ باب ခေါ် မူရင်းအကွာရာတူပြီးသုံးနှုံးသည့်ပုံစံအနည်းငယ်ပြောင်းလွဲသွားခြင်းအပေါ်ထူးခြားစွာအဓိပ္ပါယ်ပြောင်းလွဲသွားပုံများကိုလည်းကျေပညာရပ်မှသိရှိနားလည်ရမည်ဖြစ်သည်။အစ္စလာမ့်သမိုင်းတွင် ခိုလာဖာအေ့ရာရှေ့ဒီးန်လေးပါးအနက် ဒုတိယခလီဖာ သမ္မတကြီးဟဇရသ်အုမရ်၏ခေတ်သမယက ဂျနာဇဟ်တခုသို့ ရောက်လာသောပုဂ္ဂိုလ်တဦးက သခင်ကြီးအား مَنِ الْمُتَوَفِّى (အသက်ကိုမည်သူနတ်သနည်း)ဟုအဓိပ္ပါယ်ရသော စကားလုံးဖြင့်မေးမြန်းခဲ့ရာသခင်ကြီးက اللّٰه အရှင်မြတ်ဖြစ်တယ်လို့အဖြေပေးခဲ့လေသည်။နောက်မှ ၎င်းသူဘာကိုရည်ရွယ်ပြီးမေးမြန်းသည်ဆိုတာကို စူးစမ်းလေ့လာသောအခါ مَنِ الْمُتَوَفِّى (သေဆုံးသူမည်သူနည်း)ဟုမေးမြန်းခြင်းဖြစ်ကြောင်းသိရှိရသည်။စကားလုံးဖွဲ့စည်းပုံတူသောလည်းဇာဒ်နှင့်ဇေရ်အပြောင်းအလဲဖြစ်သွားခြင်းအပေါ် အသက်နတ်သိမ်းသူနှင့်အသက်နတ်သိမ်းခြင်းခံရသူဟူ၍ အဓိပ္ပါယ်ခြားနားသွားခြင်းဖြစ်သည်။ကျေသည်စကားပြောဆိုမှုအခြေအနေမှားယွင်းမှုကြောင့်ဖြစ်သည်။

ကျေအတွက် صرف ပညာရပ်သည်အစ္စလာမ်သာသနာ့ဥပဒေကျမ်းတော်များတွင်မူ အဘယ်မျှအရေးကြီးမည်ကိုစဉ်းစားနိုင်ရန်ဖြစ်သည်။ကျေမျှအရေးကြီးသော صرف ပညာရပ်ဆိုင်ရာကျမ်းကိုယင်းတော် မဒီနသုလ်အုလူးမ်အရဗီတက္ကသိုလ်၏

အထက်တန်းပြဆရာတဦးဖြစ်သူ ကျွန်တော်၏ သာသနာ့ညီနောင် မောင်လာနာ မွဖ်သီ မိုဟမ္မဒ် ဇာဟိဒ် ဆွာဟိဗ် زيـــدمـــحـــمـــد (မဒနီ+မဟ်မူဒီ) က معين الصرف على خاصيات الأبواب အမည်ဖြင့် အထက်အကြီးအကဲ သာသနာ့ပညာရှင်ကြီးများရေးသားပြုစုခဲ့သော ခိုင်မာသည့်ကျမ်းစာများမှ ရှာဖွေစုဆောင်း၍ ရေးသားပြုစုထားပါသည်။အစ္စလာမ်သာသနာတော်၏ အဓိက ကျမ်းစာများကို နည်းစနစ်မှန်ကန်စွာဖြင့် နားလည်လိုသူများနှင့်အရဗီစာပေတတ်မြောက်လိုသူများအတွက် လွန်စွာအကျိုးပြုမည့် صـــرف ဘာသာရပ်ဆိုင်ရာ ကျမ်းငယ်တစောင်ဖြစ်ပါသည်။

ရေးသားပြုစုသူ ကူညီပံ့ပိုးသူများနှင့်ဤကျမ်းစာဖြင့် အကျိုးခံစားမည့်သူအားလုံးကို အလွှာတ်အရှင်မြတ်သွင်သည် သာသနာ့အလင်မ်တိုးပွားမှုနှင့် နှစ်ဘဝအောင်မြင်မှုရမည့်ကျင့်သုံးမှုများပြုလုပ်နိုင်စွမ်း ချီးမြှင့်ပေးသနားတော်မူပါစေ။ آمين

ရေးသားပြုစုသူ မွဖ်သီအားယွဲကဲ့သို့ထူးကဲသောသာသနာ့အကျိုးပြုစာအုပ်/စာပေကျမ်းစာများကိုဆက်လက်၍ရေးသားပြုစုနိုင်စွမ်းချီးမြှင့်ပေးသနားတော်မူပါစေ။

اللهم زد فزد ــ آمين يارب العالمين برحمتك ياارحم الراحمين

والحمدلله رب العالمين .

ရွှိက်ခ်ခွလ်ဟဒီးဆ်အလ်ဟာဂ်ျမောင်လာနာယူနွတ်စ်-ဦးစိုးသိန်း

ဟေဒါယသုလ်အုလူးမ်အစ္စလာမ့်အရဗီတက္ကသိုလ်-ရမည်းသင်း

ပန်ကြားလွှာ

إنّ الحمدللّٰه والصلاة والسلام على خاتم الأنبياء وعلى أصحابه الأتقياء أما بعد ـ

လူသားများကိုသာသနာ့အသိဉာဏ်ပေးသနားတော်မူသော အလ္လာဟ်အရှင်မြတ်ကိုဦးစွာ ကျေးဇူးတင်ပါသည်။သာသနာ့ပညာရှာဖွေသော ကျောင်းသားများနှင့် အရဗီ ပညာရပ်ကိုလေ့လာသောသူတိုင်းအတွက် صرف ပညာရပ်ဖြစ်သော باب များပြောင်းလွဲခြင်းကြောင့်အဓိပ္ပါယ်များ များစွာပြောင်းလွဲသွားခြင်းကိုသိရှိရန်လွန်စွာအရေးကြီးပေသည်။ တဖန် باب များ၏ထူးခြားချက်များကို အဓိစကားဖြင့် ရေးသားထားသောစာအုပ်ကိုမှ လေ့လာလိုသူများအတွက်ဤစာအုပ်သည်အဖော်မွန်ကောင်းတအုပ်ဖြစ်လိမ့်မည်ဟု မျှော်လင့်ပါသည်။

ဤစာအုပ်ကိုလေ့လာသူ(သို့)သင်ယူသူ(သို့)သင်ပေးသူများသည်စာအုပ်ပါအချို့နေရာများ၌ နားလည်းမှုခက်ခဲပါကဖော်ပြထားသည့် ဥပမာများကိုအဓိကထားကြည့်၍လေ့လာ၊ သင်ပေး ပါက ပိုမိုအဆင်ပြေလိမ့်မည်ဟုအကြံပြုအပ်ပါသည်။

ဤစာအုပ်ဖြင့် လူတချို့ပင် အကျိုးခံစားမှုရရှိပါသည်ဆို လျှင်ကျွန်တော်အတွက် များစွာ အကျိုးစဝါးမ်ရရှိလိမ့်မည်ဟု(အလ္လာဟ်ရှင့်ရဟ်မသ်ကို)မျှော်လင့်ပါသည်။ကျွန်ုပ်နှင့် ကျွန်ုပ်၏ဆရာသွင်များ၊ စာပြုပြင်ပေးကြသောဆရာသွင်များနှင့် အတူရေးသားစာစီရာတွင် အသေးစိတ် ကိုယ်စွမ်း၊ ဉာဏ်စွမ်းဖြင့်ကူညီပေးခဲ့ကြသောမိတ်ဆွေသူငယ်ချင်းများအားလုံးကိုပါ အလ္လာဟ်အရှင် علم ၏ نور ကိုချီးမြှင့်၍နှစ်ဘဝလုံးတွင်အောင်မြင်မှုပေးသနားတော်မူပါစေ။ (آمين)

မြိုကမ္ဘွန်ကဟိန်-မဒနီ

بسم الله الرحمن الرحيم

الباب الاوّل

اسم၏အခန်း

☆اسم-၃-မျိုးရှိလေသည်။☆

၁- جامد ၂- مصدر ၃- مشتق

اسم-ဆိုသည်မှာ၄င်းသည် အခြားမည်သည့်စာလုံးမှခွဲထွက်လာ جامد စာလုံးမဟုတ်ပါ။၄င်းမှလည်း အခြားမည်သည့်စာလုံးမျှ မခွဲထွက်ပါ။

☆جامد اسم သုံးမျိုးရှိသည်☆

၁- ثلاثی ၂- رباعی ၃- خماسی

အထက်ပါ-၃-မျိုးမှ တမျိုးစီ၌ مجرد နှင့် مزيدفيه ဆိုပြီးနှစ်မျိုးစီလာရှိလေသည်။စုစုပေါင်း ခြောက်မျိုးဖြစ်လေသည်။

၁- ثلاثی مجرد ၂- رباعی مجرد ၃- خماسی مجرد

၄- ثلاثی مزيد فيه ၅- رباعی مزيد فيه ၆- خماسی مزيد فيه

ثلاثی

၁။ ။ مجرد ثلاثیဆိုသည်မှာ زائد حرف အပိုအကွာမရှိတဲ့ اصلی حرف မူရင်းအကွာသုံးလုံး ရှိသော اسم ကိုခေါ်သည်။

ဂုဏ်းသည် وزن -၁၀- ခုရှိသည်---

(၁)فَلْسٌ-ပိုက်ဆံ (၂)فَرَسٌ-မြင်း (၃)كَتِفٌ-လက်ပြင် (၄)عَضُدٌ-လက်မောင်း

(၅)حِبْرٌ-မှင် (၆)عِنَبٌ-စပျစ်သီး (၇)اِبِلٌ-ကုလားအုပ်

(၈)قُفْلٌ-သော့ခလောက် (၉)صُرَدٌ-ငှက်ငယ် (၁၀)عُنُقٌ-လည်ဂုတ်

၂။ ။هذه مزيد فيه ثلاثي-ဆိုသည်မှာ أصلي حرف သုံးလုံးထက်သာပိုသော اسم ကိုခေါ်လေသည်။ဂုဏ်း၏ وزن များသည်များစွာရှိလေသည်။

ဥပမာ-بِطِّيخٌ-ဖရဲသီး၊ جَاسُوسٌ-ရဲသား/စုံထောက်

رُباعی

၁။ ။ مجرد رباعی ဆိုသည်မှာ زائد حرف မပါရှိဘဲ أصلي حرف လေးလုံးရှိသော اسم ကိုခေါ်လေသည်။ဂုဏ်းတွင် كلمة لام နှစ်လုံးထပ်၍လာလေသည်။ဥပမာ-فَعْلَلَ ဂုဏ်းတွင် وزن -၅- ခုရှိလေသည်။

(၁)جَعْفَرٌ-ဂျအိဖရ် (၂)دِرْهَمٌ-ဒိရ်ဟမ်ငွေ (၃)زِبْرِجٌ-အလှအပ

(၄)بُرْثُنٌ-အသားစားသတ္တဝါများ၏ခြေသည်းလက်သည်း။

(၅)قِمَطْرٌ-သေတ္တာ

၂။ ။ مزيد فيه رباعی-ဆိုသည်မှာ မူရင်းအက္ခရာလေးလုံးရှိပြီးအပိုအက္ခရာပါသော اسم ကိုခေါ်သည်။ဂုဏ်း၏ وزن များမှာ အလွန်အလွန်နည်းပါးလေသည်။ ဥပမာ-مُنْجَنُوقٌ - فَعْلَلُوتٌ - عَنْكَبُوتٌ - مَفْعَلُولٌ

خماسی

၁။ ။مجرد-ဆိုသည်မှာ حرف أصلی မပါရှိဘဲ خماسی ဒါးလုံးပါသော اسم ကိုခေါ်သည်။ ၎င်းတွင် وزن -၄- ခုရှိလေသည်။

(၁) سَفَرْجَلٌ (၂) جَحْمَرِشٌ (၃) قُذَعْمِلٌ (၄) قِرْطَعْبٌ

၂။ ။فيه مزيد-ဆိုသည်မှာ حرف أصلی ဒါးလုံးရှိပြီး حرف زائد ပါသော اسم ကိုခေါ်လေသည်။၎င်းတွင် وزن ဒါးခုရှိလေသည်။

(၁) عَضْرَفُوْطٌ (၂) قَبَعْثَرٰی (၃) قِرْطَبُوْسٌ

(၄) خُزَعْبِيْلٌ (၅) خَنْدَرِيْسٌ

မှတ်ချက်။ ။(က) خماسی ဖြစ်သော فعل တခုတွင် زائد حرف နှင့် ضمير بارز ဆက်တွဲပါက နှတ်လျှာဌ်လေးလံမှုကိုဖြစ်စေသည့်အတွက် فعل များသည် خماسی باب မှ فعل များမလာပါ။

မှတ်ချက်။ ။(ခ) اسم တိုင်းတွင် زائد حرف(အပိုအက္ခရာ)များသည် လေးလုံးထက်မသာပိုပေ။

မှတ်ချက်။ ။(ဂ) اسم တိုင်းတွင် حرف (အက္ခရာ)များသည်-၇-လုံးထက်မသာပိုရပေ။ကျွန်အတွက် فعل ثلاثی တွင် မူရင်းအက္ခရာအပြင်အပိုအက္ခရာလေးလုံးထိသာ ရှိနိုင်ပေသည်။

خاصيات

ဥပမာ- အပိုအက္ခရာတလုံးရှိသော- ဥပမာ- حِمَارٌ

အပိုအက္ခရာနှစ်လုံးရှိသော- ဥပမာ- مِقْوَالٌ

အပိုအက္ခရာသုံးလုံးရှိသော- ဥပမာ- مُسْتَنْصِرٌ

အပိုအက္ခရာလေးလုံးရှိသော- ဥပမာ- اِسْتِنْصَارٌ

مزيدفيه رباعى တွင် မူရင်းအက္ခရာအပြင်အက္ခရာ သုံးလုံးထိသာ ပိုနိုင်သည်။

ဥပမာ- အပိုအက္ခရာတလုံးရှိသော- ဥပမာ- قَنْفَجَرٌ

အပိုအက္ခရာနှစ်လုံးရှိသော- ဥပမာ- مُتَدَحْرِجٌ

အပိုအက္ခရာသုံးလုံးရှိသော- ဥပမာ- عَبُوْثَرَان

مزيدفيه خماسى တွင်မူရင်းအက္ခရာအပြင်အက္ခရာနှစ်လုံးထိ သာပိုနိုင်သည်။

ဥပမာ- အပိုအက္ခရာတလုံးရှိသော- ဥပမာ- عَضْرَفُوْطٌ

အပိုအက္ခရာနှစ်လုံးရှိသော- ဥပမာ- اِصْطَفْلِيْنَ

اسم مصدر

اسم مصدر-ဆိုသည်မှာ ၎င်းမှ اسم နှင့် فعل များခွဲထွက်လာသည့် اسمကို مصدر ဟုခေါ်သည်။ ဥပမာ- اَلْغَسْلُ -ဆေးကြောခြင်း။

مجرد ثلاثى -မှလာသော مصدر များ၏ وزن များသည်-၅၀-နီးပါးခန့်ရှိလေသည်။၎င်းတို့မှာအောက်ပါအတိုင်းဖြစ်သည်။

خاصيات

اسم مصدر ၏ وزن များ

اوزان	مثال	معاني	باب
فَعْلٌ	قَتْلٌ	သတ်ဖြတ်ခြင်း	نصر ينصر
فِعْلٌ	فِسْقٌ	အပိန့်ဖီဆန်ခြင်း	نصر
فُعْلٌ	شُكْرٌ	ကျေးဇူးတင်ခြင်း	نصر
فَعْلَةٌ	رَحْمَةٌ	သနားကြင်နာခြင်း	سمع
فُعْلَةٌ	كُدْرَةٌ	မြေ လူးပေခြင်း	سمع
فِعْلَةٌ	نِشْدَةٌ	ပျောက်ဆုံးသောအရာကိုရှာဖွေခြင်း	نصر
فَعْلٌ	طَلَبٌ	ရှာဖွေခြင်း	نصر
فَعِلٌ	خَنِقٌ	ကြိုးမိန့်ပေးခံရခြင်း	ضرب
فَعَلَةٌ	غَلَبَةٌ	လွမ်းမိုးခြင်း	ضرب
فَعِلَةٌ	سَرِقَةٌ	ခိုးယူခြင်း	ضرب
فِعَلٌ	صِغَرٌ	သေးငယ်ခြင်း	كرم
فُعَلٌ	هُدًى	လမ်းပြခြင်း	ضرب
فَعَالٌ	ذَهَابٌ	သွားခြင်း	فتح
فِعَالٌ	قِيَامٌ	ရပ်ခြင်း	نصر
فُعَالٌ	سُوَالٌ	မေးမြန်း/တောင်းခံခြင်း	فتح
فَعُلَانٌ	لَيَّانٌ	အကြွေးမဆပ်ဘဲနေခြင်း	ضرب

خاصيات

فِعْلَانٌ	حِرْمَانٌ	လက်မဲ့ဖြစ်ခြင်း	ضرب
فَعَلَانٌ	نَزَوَانٌ	ဖိုမမိတ်လိုက်ခြင်း	نصر
فَعُلُولَةٌ	قَيْلُولَةٌ	နေ့လည်ခင်းအိပ်ခြင်း	ضرب
مَفْعُولَةٌ	مَكْذُوبَةٌ	လိမ်ပြောခြင်း	ضرب
فَعُولٌ	قَبُولٌ	လက်ခံခြင်း	سمع
فَعُّولَةٌ	جَبُّورَةٌ	မောက်မာခြင်း	نصر
فَعْلَاءُ	رَغْبَاءُ	လိုလားခြင်း	سمع
فَعَلُوَةٌ	رَغَبُوَةٌ	အလွန်လိုလားခြင်း	سمع
تِفِعَّالٌ	تِقِطَّاعٌ	အလွန်ဖြတ်တောက်ခြင်း	فتح
فُعُلَّى	غُلُبَّى	အလွန်လွမ်းမိုးမှုရှိခြင်း	ضرب
فَعَالَةٌ	زَهَادَةٌ	ရှောင်ကြင်ခြင်း	سمع
فِعَالَةٌ	دِرَايَةٌ	သိရှိအောင်လုပ်ခြင်း	ضرب
فَعَالَةٌ	بَغَايَةٌ	ရာဖွေခြင်း	ضرب
فَعِيلٌ	وَبِيصٌ	လျှပ်စီးလတ်ခြင်း	ضرب
فَعِيلَةٌ	قَطِيعَةٌ	အဆက်ဖြတ်ခြင်း	فتح
فُعُولٌ	دُخُولٌ	ဝင်ရောက်ခြင်း	نصر
فُعُولَةٌ	صُهُوبَةٌ	အဖြူနှင့်အနီဘက်သို့ သန်းသောအဝါရောင်	سمع

خاصيات

مَفْعَلٌ	مَدْخَلٌ	ဝင်ရောက်ခြင်း	نصر
مَفْعِلٌ	مَيْسِرٌ	လောင်းကစားလုပ်ခြင်း	ضرب
مَفْعَلَةٌ	مَسْعَاةٌ(أصل - مَسْعَيَةٌ)	ကြိုးစားခြင်း	فتح
مَفْعِلَةٌ	مَحْمِدَةٌ	ချီးမွန်းခြင်း	سمع
فَعْلَى	دَعْوَى	ကြွေးကြော်ခြင်း	نصر
فُعْلَى	بُشْرَى	သတင်းကောင်းပေးခြင်း	نصر
فِعْلَى	ذِكْرَى	သတိရတသခြင်း	نصر
تَفْعَالٌ	تَجْوَالٌ	အလွန်လှည့်ပတ်ခြင်း	نصر
فُعْلَانٌ	غُفْرَانٌ	ခွင့်လွှတ်ခြင်း	ضرب
فَعَالِيَةٌ	كَرَاهِيَةٌ	မနှစ်သက်ခြင်း	سمع
مَفْعُوْلٌ	مَكْذُوْبٌ	လိမ်ပြောခြင်း	ضرب
فَاعِلَةٌ	كَاذِبَةٌ	လိမ်ပြောခြင်း	ضرب
مَفْعُلَةٌ	مَمْلُكَةٌ	ပိုင်ဆိုင်ခြင်း	ضرب
فَعُلُوَّةٌ	جَبْرُوَّةٌ	မောက်မာခြင်း	نصر
فَيْعُوْلَةٌ	كَيْنُوْنَةٌ	ဖြစ်ခြင်း	نصر
فَعَلُوْتَى	رَغَبُوْتَى	အလွန်လိုလားခြင်း	سمع
فِعِّيْلَى	دِلِّيْلَى	အလွန်ညွှန်ပြခြင်း	نصر

۞ فائدة အကျိုးကျေးဇူး ۞

فائدة (၁)အကြောင် مصدر တခုသည်လုပ်ရပ်လုပ်ငန်း စသည့်အဓိပ္ပါယ်များပေး ပါက အများပိုင်းဌင်း مصدر သည် فَعَالَةٌ (သို့) فِعَالَةٌ ၏ وزن အပေါ် တွင်လာလေသည်။ဥပမာ- دَبَاغَةٌ ـ كِتَابَةٌ

فائدة (၂) مجرد ثلاثي မှလာသော ميمي مصدر သည် مَفْعَلٌ နှင့် مَفْعِلٌ ၏ وزن အပေါ်တွင်လာလေသည်။ ဥပမာ- مَضْرِبٌ ـ مَقْدَمٌ

နောက်ဆုံးတွင် تاء လိုက်ပြီး مَفْعَلَةٌ နှင့် مَفْعِلَةٌ ၏ وزن နှင့်လည်းလာ ရှိလေသည်။ ဥပမာ- مَحْمِدَةٌ ـ مَسْئَلَةٌ

فائدة -၃-(က) فَعْلَةٌ ၏ وزن အပေါ်တွင်လာသော مصدر သည်အကြိမ်အရေ အတွက်၏အဓိပ္ပါယ်ပေးလေသည်။ဥပမာ ضَرَبْتُ ضَرْبَةً (ကျွန်ုပ်တချက်ရိုက် ခဲ့သည်။)

(ခ) فِعْلَةٌ ၏ وزن အပေါ်တွင်လာသော مصدر သည် အမျိုးအစား၏ အဓိပ္ပါယ်ပေးလေသည်။ ဥပမာ- جَلَسْتُ جِلْسَةَ الْقَارِئِ (ကျွန်ုပ်ကာရီဆပ်ထိုင်သလိုမျိုးထိုင်ခဲ့သည်)

فائدة -၄- ثلاثي مجرد ၏အပြင်ကျန် باب များ၏ مصدر အားလုံးသည် سماعي များဖြစ်သည်။ ဥပမာ- إستنصار ـ إستفعالٌ

إفتعال ـ إجتنابٌ

مجرد ثلاثى ၏ مصدر များသည် سماعى များဖြစ်သည်။

نصر ـ ينصر ـ نصرًا / قعد ـ يقعد ـ قُعودًا -ဥပမာ

فائدة -၅- فيه مزيد ثلاثى နှင့် مزيدفيه ربـاعى မှလာသော وزن များမှာ သီးသန့်သတ်မှတ်ချက်များရှိလေသည်။ပမာဆိုသော်

ا -اِستِفعَالٌ ب -اِفتِعَالٌ

ت -تَفَعُلُلٌ ث -فَعلَلَةٌ

تَـفعِيل بـاب ၏ مصدر များသည်တခါတရံ تَـفعِلَةٌ ၏ وزن အတိုင်းလာလေသည်။ ဥပမာ- تَجرِبَةٌ

(က)တခါတရံ فِعَّالٌ ـ فَعَّالٌ ၏ وزن များပေါ်တွင်လဲလာလေသည်။

ဥပမာ- كَذَّبَ . يُكَذِّبُ . تَكْذِيبًا. كِذَابًا . كِذَّابًا

(ခ)တခါတရံ فَعَالٌ ၏ وزن အတိုင်းလာလေသည်။

ဥပမာ- سَلَّمَ . يُسَلِّمُ . تَسْلِيمًا . سَلَامًا

(ဂ)တခါတရံ تَفْعَالٌ ၏ وزن အတိုင်းလာလေသည်။

ဥပမာ- كَرَّرَ . يُكَرِّرُ . تَكْرِيرًا. تَكْرَارًا

(ဃ)တခါတရံ تِفْعَالٌ ၏ وزن အတိုင်းလာလေသည်။

ဥပမာ- بَيَّنَ . يُبَيِّنُ . تَبْيِينًا. تِبْيَانًا

فَعْلَلَة باب ၏ مصدر များသည်တခါတရံ فِعْلَالٌ ၏ وزن အတိုင်းလာလေ
သည်။ဥပမာ- زَلْزَلَ . يُزَلْزِلُ . زَلْزَلَةً . زِلْزَالاً

إسم مشتقّ

مشتق اسم-ဆိုသည်မှာ مصدر မှကွဲထွက်လာပြီး مصدر ၏အဓိပ္ပါယ်နှင့်မူရင်း
(مادة) အက္ခရာ မပြောင်းလဲဘဲပုံစံအသစ် ဖြစ်ရှိသွားသော اسم ကိုခေါ်သည်။
ဥပမာ-ရွေခွက်-ဟုပြောပါက ရွေသည်ခွက်အဖြစ်ပြောင်းလဲသွားသော်လည်း
ရွေအဖြစ်တော့ကျန်ရှိလေသည်။

اسم مشتق -၆-မျိုးရှိသည်။ငှင်းတို့မှာ---

၁-اسم فاعل ၂-اسم مفعول ၃-اسم تفضيل
၄-اسم الة ၅-اسم ظرف ၆-صفت مشبهة

إسم فاعل

فاعل اسم-ဆိုသည်မှာ လုပ်ရပ်လုပ်ဆောင်သောသူ၏အပေါ်ညွှန်ပြသော
اسم ကိုခေါ်သည်။ فاعل اسم သည်مجرد ၌
ثلاثي
مذكر အတွက်-- فَاعِلٌ . فَاعِلَانِ . فَاعِلُوْنَ ၏وزن အပေါ်လာသည်။
مؤنث အတွက်-- فَاعِلَةٌ . فَاعِلَتَانِ . فَاعِلَات ၏ وزنအပေါ်လာသည်။

☆اسم مبالغة☆

اسم مبالغةအလွန်အလွန်များပြားခြင်းကိုညွှန်ပြသော وزن များ

فَعِلٌ	حَذِرٌ	အလွန်ရှောင်ကျဉ်သောသူ
فَعِيلٌ	عَلِيمٌ	အလွန်သိသောသူ
فَعُولٌ	ضَرُوبٌ	အလွန်ရိုက်သောသူ
فَعَّالٌ	اَكَّالٌ	အလွန်စားသောသူ
فُعَّالٌ	قُطَّاعٌ	အလွန်ဖြတ်တောက်သောသူ
مِفْعَلٌ	مِجْزَمٌ	အလွန်ဖြတ်တောက်သောသူ
مِفْعَالٌ	مِجْزَامٌ	အလွန်ဖြတ်တောက်သောသူ
مِفْعِيلٌ	مِنْطِيقٌ	အလွန်ပြောသောသူ
فِعِّيلٌ	شِرِّيرٌ	အလွန်ဆိုးသွမ်းရုပ်မာသူ
فُعَلَةٌ	ضُحَكَةٌ	အလွန်ရယ်မောသူ
فُعَّلٌ	قُلَّبٌ	အလွန်ပြောင်းလဲသူ

اسم مبالغة တွင် مذكر - مؤنث ခြားနားချက်မရှိပေ။တခါတရံသာပို၍များပြားခြင်းကိုညွှန်ပြရန်အတွက်နောက်ဆုံးတွင် تاء အပိုနှင့်လာလေသည်။ ဥပမာ- عَلَّامَةٌ . فَرُوقَةٌ . مِجْزَامَةٌ

اسم مفعول

اسم مفعول။ ။ဆိုသည်မှာ လုပ်ရပ်ကျရောက်ခြင်းခံရသော အရာအပေါ်သွန်ပြ
သောအသကိုခေါ်သည်။ مجرد ၌ مفعول اسم သည်-
مَفْعُوْلٌ . مَفْعُوْلَانِ . مَفْعُوْلُوْنَ مذكر အတွက်
مَفْعُوْلَةٌ . مَفْعُوْلَتَانِ . مَفْعُوْلَاتٌ مؤنث အတွက် ၏

وزن များအပေါ် ၌လာလေသည်။

တခါတရံအောက်ပါ وزن များအတိုင်းလာရှိပါကလည်း مفعول ၏အဓိပ္ပါယ်ပေးလေ
သည်။ဥပမာတို့မှာ---

فَعُوْلٌ	رَسُوْلٌ	-အဓိပ္ပါယ်မှာ-	مَرْسُوْلٌ ဖြစ်သည်။
فَعِيْلٌ	جَرِيْحٌ	-အဓိပ္ပါယ်မှာ-	مَجْرُوْحٌ ဖြစ်သည်။
فُعْلَةٌ	ضُحْكَةٌ	-အဓိပ္ပါယ်မှာ-	مَضْحُوْكٌ ဖြစ်သည်။

တခါတရံ---

فَعْلٌ	قَبْضٌ	-အဓိပ္ပါယ်မှာ-	مَقْبُوْضٌ ဖြစ်သည်။
فِعْلٌ	ذِبْحٌ	-အဓိပ္ပါယ်မှာ-	مَذْبُوْحٌ ဖြစ်သည်။
فَاعِلٌ	كَاتِمٌ	-အဓိပ္ပါယ်မှာ-	مَكْتُوْمٌ ဖြစ်သည်။

۞ اسم تفضيل ۞

اسم تفضيل- ဆိုသည်မှာသာပိုခြင်း၏အဓိပ္ပါယ်ပေးသော အရာအပေါ် ညွှန်ပြသော အရာကိုခေါ်သည်။ ဥပမာ- زيد أفضل من عمرو

اسم تفضيل သည် مذكر အတွက် اَفْعَلُ . اَفْعَلَانِ . اَفْعَلُوْنَ . اَفَاعِلُ

مؤنث အတွက် فُعْلَى . فُعْلَيَانِ . فُعْلَيَاتٌ . فُعَلٌ ၏

وزن များအပေါ် ၌လာလေသည်။

فائدة -၁- اسم تفضيل သည် مجرد ثلاثي အပြင်အခြားသော باب များမှ (أكثر ـ أشدّ) မလာပါ။အကယ်၍အခြားသောباب များမှအသုံးပြုလိုပါက مصدر အလျှင်တွင်ထားရှိ၍အသုံးပြုရ ကဲ့သို့သောစာလုံးများကို مجرد ၏ အလျှောက်ထားရှိ၍အသုံးပြုရ မည်။

ဥပမာ- زيد أكثر اجتهادًا من عمرو ـ زيد أقل اكتسابًا من بكر

فائدة -၂- اسم تفضيل ၏وزن အပေါ်တွင်လာသော اَسْوَدُ နှင့် اَعْوَرُ တို့သည် صفة مشبهة များဖြစ်လေသည်။ اسم تفضيل များမဟုတ်ပါ။

۞ اسم آله ۞

اسم آله- ဆိုသည်မှာ ကရိယာအပေါ်ညွှန်ပြသောအမည်ကိုခေါ်လေသည်။ اسم آله သည် مجرد ثلاثي ၏အပြင်အခြား باب များမှ မလာပေ။၄င်း اسم آله ၏

مِفْعَلٌ . مِفْعَلَانِ . مَفَاعِلُ ---ဝါးမှာ ဝဇန
مِفْعَلَةٌ . مِفْعَلَتَانِ. مَفَاعِلُ
مِفْعَالٌ. مِفْعَالَانِ . مَفَاعِيْلُ

တခါတရံ၄င်း اله آلہ သည် فِعَالٌ ၏ ဝဇန ပေါ်တွင်လည်းလာလေသည်။

ဥပမာ- نِطَاقٌ ခါးပတ်။

اسم ظرف

ظـرف -اســم ဆိုသည်မှာ နေရာ(သို့)အချိန်ကိုညွှန်ပြသော اسم ကိုခေါ်သည်။
مَـفْـعَـلٌ . مَفْعَلَانِ . مَفَاعِلُ -ဝါးမှာ ဝဇန ၌ ၎င်း၏ ثـلاثی مجرد ဖြစ်သည်။
တခါတရံ ظـرف اسـم ဝါးသည် بـاب نـصـر ـــ ينصر မှလာသောအခို့ نـصـر
خلاف قياس အရလာလေသည်။ ဥပမာ- مَغْرِبٌ - مَسْجِدٌ
اسم مفعول ဝါးသည် ظرف اسم ဝါးမှလာသော باب ثلاثی مجرد အပြင်ကျန်
ဝါးအပေါ်တွင်လာလေသည်။ ဥပမာ- مُعَسْكَرٌ ၏ ဝဇန

صفت مشبهة

صفت مشبهة ဆိုသည်မှာ ذات အပေါ်ညွှန်ပြသော اسم ကိုခေါ်သည်။၎င်း၏
ဝဇန ဝါးသည် سـماعی ဝါးဖြစ်လေသည်။ صـفـت مشبهة ၏ကျော်ကြား
သော ဝဇန အချို့မှာ---

خاصيات

صفت مشبهة ၏ وزနးများ

اوزان	مثال	معانی	باب
فَعِلٌ	خَشِنٌ	မာကြောသော	كرم
فَعُلٌ	نَدُسٌ	အသိဉာဏ်ရှိသော	سمع
فِعَلٌ	زِيَمٌ	သေကဖြစ်သော	ضرب
فَاعِلٌ	كَابِرٌ	ကြီးကျယ်သော	كرم
فَيْعِلٌ	سَيِّدٌ	ခေါင်ဆောင်	نصر
فَعَالٌ	جَبَانٌ	သတ္တိကြောင်သော	كرم
فِعَالٌ	هِجَانٌ	ဖြူဖွေးသောကုလားအုပ်	كرم
فُعَالٌ	شُجَاعٌ	ရဲရင့်သော	كرم
فَعَّالٌ	وَضَّاعٌ	စွမ်းအားမရှိသော	كرم
فُعَّالٌ	كُبَّارٌ	ကြီးကျယ်သော	كرم
فِعِلٌ	بِلِزٌ	ဝဖြိုးသော	ضرب
فُعَلٌ	حُطَمٌ	သနားကြင်နာမှုမရှိသူ	ضرب
فُعُلٌ	جُنُبٌ	မသန့်ဖြစ်သော	كرم
اَفْعَلُ	اَحْمَرُ	အနီရောင်ဖြစ်သော	كرم

صفت مشبهة ၏ وزနးများ

فَعَلٌ	حَسَنٌ	ကောင်းမွန်သော	كرم
فَعْلَانٌ	عَطْشَانٌ	ရေငတ်သောသူ	سمع
فُعْلَانٌ	عُرْيَانٌ	ဝတ်လစ်စလစ်ဖြစ်သော	سمع
فَعِيلٌ	كَرِيمٌ	မွန်မြတ်သော	كرم
فَعُولٌ	غَفُورٌ	ခွင့်လွှတ်သောအရှင်	ضرب
فَعْلَى	عَطْشَى	ရေငတ်သော	سمع
فُعْلَى	حُبْلَى	ကိုယ်ဝန်ရှိသော	سمع
فَعْلَانٌ	حَيْوَانٌ	သက်ရှိသတ္တဝါဖြစ်သော	سمع
فَعْلَاءُ	حَمْرَاءُ	အနီရောင်ဖြစ်သောသူမ	سمع
فُعْلَاءُ	عُشَرَاءُ	ကိုယ်ဝန် ၁၀ လရှိသောကုလားအုပ်မ	كرم
فَعْلٌ	صَعْبٌ	ခက်ခဲသော	كرم
فِعْلٌ	صِفْرٌ	သုံးည (၀)	سمع
فُعْلٌ	صُلْبٌ	မာကြောသော	كرم

۞ خَاصيّات الأبواب ۞

خاصية ၏ لغة ။ ။အဓိပ္ပါယ်မှာ خُصُوصِيَّةٌ သီးသန့်ဖြစ်ခြင်း။

اصطلاحى ။ ။အဓိပ္ပါယ်မှာ(အခြားသော باب မှပြောင်းယူသည့်အတွက်)
မူရင်းအဓိပ္ပါယ်အပြင် အခြားအပိုအဓိပ္ပါယ်ပေးခြင်းကိုခေါ်သည်။

ဥပမာ- خَـرَجَ ၎င်း၏မူရင်းအဓိပ္ပါယ်မှာ ထွက်ခြင်းဖြစ်သောလည်း باب إفـعـال
မှ ပြောင်း၍ أخـرج တုယူလာသည့်အတွက်ထွက်စေခြင်း(ထုတ်ခြင်း)၏အဓိပ္ပါယ်ပေး
လေသည်။ဤအတွက်ကြောင့် ၎င်းباب ပြောင်းလွဲခြင်းကို خـاصية တုခေါ်ပါသည်။

فـائـدة ။ ။باب များ၏ خـاصية ကိုသိရှိခြင်းဖြင့် باب များကို အတိအကျ
သိရှိခြင်းနှင့် အဓိပ္ပါယ်များကို နားလည်းခြင်း၌လွယ်ကူမှုဖြစ်စေသည်။

ثلاثى مجرد ၏ باب-၆-ခုမှပထမ باب-၃-ခုဖြစ်သော
ضرب ـ يضرب / سمع ـ يسمع / نصر ـ ينصر တို့သည်-
(၁)အသုံးပြုမှုများခြင်း။

(၂)၎င်း باب-၃-ခုလုံးတွင် ماضى နှင့် مضارع တို့၏ حركة ရှိသော عين كلمة
(သို့) أم الأبـواب များသည်တူညီစွာမလာသည့်အတွက် ၎င်း باب-၃-ခုကို
أصل الأبواب တုခေါ်လေသည်။

۞ خاصية ၏ باب نصر ـ ينصر များ ۞

ဤ باب ၏အကျော်ကြားဆုံးသော خاصية မှာ مبالغة ၏အဓိပ္ပါယ်ပေး
ခြင်းဖြစ်သည်။ဆိုလိုသည်မှာ- လူနှစ်ဦးမှ တဦးအပေါ်တဦး အနိုင်ရလိုမှု၏အဓိပ္ပါယ်ကို

ဖော်ထုတ်ရန်အတွက် باب مفاعلة ၏နောက်တွင် باب نصر ကိုယူဆောင်လာရပေမည်။ဥပမာ- خَاصَمَنِيْ زَيْدٌ فَخَصَمْتُهُ ဖိုက်နှင့်ကျွန်ုပ်အငြင်းအခုံဖြစ်ရာ ဖိုက် အပေါ် ကျွန်ုပ်အနိုင်ရရှိသွားခဲ့သည်။

۞ خاصية باب ضرب . يضرب ۞ များ

مِثَال واوی ــ مِثَال يائی ــ اَجْوَف يائی ـ نَاقِص يائی ဤ باب သည် တို့မှ လာပြီး باب مُفَاعَلَة ၏နောက်မှာလာသော် مبالغة (သာပိုခြင်း)၏အဓိပ္ပါယ်ကို ပေးလေသည်။

مثال واوی ၏ဥပမာ- وَاعَدَنِيْ زَيْدٌ فَوَعَدْتُهُ ဖိုက်နှင့်ကျွန်တော် ကတိကဝတ်ပြုရာ ကျွန်ုပ်ကတိတည်မှုဌ်သာပိုခဲ့သည်။

مثال يائی ၏ဥပမာ- يَاسَرَنِيْ زَيْدٌ فَيَسَرْتُهُ ဖိုက်နှင့်ကျွန်တော်လောင်းကစားလုပ်ရာ ကျွန်တော်အနိုင်ရခဲ့သည်။

اجوف يائی ၏ဥပမာ- بَايَعْنِيْ زَيْدٌ فَبِعْتُهُ ဖိုက်နှင့်ကျွန်တော် အရောင်းအဝယ်ပြုလုပ်ရာ ကျွန်ုပ်သာခဲ့သည်။

ناقص يائی ၏ဥပမာ- رَامَانِيْ زيد فَرَمَيْتُهُ ဖိုက်နှင့်ကျွန်တော် မျှားပစ်ပြိုင်ရာ ကျွန်ုပ် အနိုင်ရခဲ့သည်။

فائدة (၁) مبالغة - လွှမ်းမိုးအနိုင်ရခြင်း၏အဓိပ္ပါယ်ရရန်အတွက်လာရှိသော فعل သည် مِثَال واوی ــ مِثَال يائی ـ اَجْوَف يائی ـ نَاقِص يائی ဖြစ်ပါကဌင်း فعل သည်မည်သည့် باب မှလာသည်ဖြစ်စေ ဖ باب ضرب မှ

သာယူလာရပေမည်။ဥပမာ- يُوَاهِبُنِى عَمرٌو فَاَهِبُهٗ - အမှန်မှာ وَهَبَ - يَهَبُ ဟု လာရှိသည့်အတွက် فَاَهَبُهٗ ဟုသုံးရအမည့်အစား مبالغة ၏အဓိပ္ပါယ်ရရှိရန်အ တွက် فَاَهِبُهٗ ဟုပြောင်းလဲအသုံးပြုရသည်။

فائدة (၂) အထက်ဖော်ပြပါ فعل များအပြင်ကျန် فعل များကို مبالغة ၏အဓိပ္ပါယ်ရ ရှိရန် باب نصر မှယူလာရပေမည်။

ဥပမာ- يُضَارِبُنِىْ فَاَضْرِبُهٗ ကျွန်ုပ်နှင့်ဖိုက်အပြန်အလှန်ရိုက်ရာကျွန်ုပ်နိုင်ခဲ့သည်။ အမှန်မှာ فعل သည် يَضْرِبُ ــ ضَرَبَ ဟုလာရှိသည့်အတွက် فَاَضْرِبُهٗ ဟုသုံးရ မည့်အစား مبالغة ၏အဓိပ္ပါယ်ရရန်အတွက် فَاَضْرِبُهٗ ဟုပြောင်းလဲအသုံးပြုရသည်။

خاصية باب سمع ၏ များ

ရောဂါ- ပျော်ရွှင်မှု- ပူဆွေးမှု- အရောင်- အပြစ်အနာဆာ- ခန္ဓာကိုယ်ရှိသက္ကန် များ စသည်တို့အပေါ်သြွန်ပြသော (لفظ) စာလုံးများ၏ အများပိုင်းသည်အခြား باب များထက် سمع باب မှ သာလာရှိလေသည်။ဥပမာ- سَقِمَ နေ မကောင်းဖြစ်ခဲ့သည်။ حَزِنَ ပူဆွေးခဲ့သည်။ فَرِحَ ပျော်ရွှင်ခဲ့သည်။

မှတ်ချက်။ ။အရောင်အဆင်း- အပြစ်အနာအဆာနှင့်ခန္ဓာကိုယ်ရှိသက္ကန်များကို ပြသော فعل များသည် سمع باب နှင့်အတူ كرم باب မှ လည်းလာလေသည်။ဥပမာ- حَمُقَ - အသိမဲ့ခဲ့သည်။ سَمُرَ - اَدُمَ ထိုသူ(အသားအရေ)ကျုံရောင်ကဲ့သို့ဖြစ်ခဲ့သည်။

سمع باب မှလာသော fعل များသည်အများပိုင်း لازم fعل မှ လာလေသည်။
တခါတရံ متعدى fعل မှ လည်းလာနိုင်လေသည်။

۞ خاصية ၏ باب فتح များ ۞

فتح باب ၏ خاصية မှာအဓိပ္ပါယ်၌မဟုတ်ပဲ (لفظ) စာလုံး၌ဖြစ်လေသည်။
حروف حلقى ၌ ဆိုလိုသည်မှာ fعل တခု၏ كلمة عين နှင့် كلمة لام တွင်
တလုံးလုံးရှိသော fعل များသည်အများပိုင်း فتح باب မှလာလေသည်။
ဥပမာ- جَحَدَ - سَلَخَ - مَنَعَ
သို့သော်တခါတရံ رَكَنَ - يَرْكَنُ နှင့် اَبٰى - يَأْبٰى ကဲ့သို့သော fعل များသည်
حروف حلقى တလုံးမှ မပါသော်လည်း فتح باب မှလာလေသည်။တခါတရံ
سَمِعَ - يَسْمَعُ ကဲ့သို့သော fعل များသည် حروف حلقى နှင့် قَعَدَ - يَقْعُدُ
ပါရှိသော်လည်း فتح باب မှ မလာရှိပေ။

မှတ်ချက်။ ။တခါတရံ ماضى သည် سمع باب မှလာ၍ رَكِنَ - يَرْكَنُ ၌
၎င်း၏ مضارع သည် نصر باب မှလာလေသည်။၎င်းကို صرف
၏ဥပဒေ၌ تَدَاخُل ဟုခေါ်သည်။

۞ خاصية ၏ باب كرُم များ ۞

كرم باب သည် အမြဲတမ်း fعل لازم အတွက်လာ၍ရုပ်ရည်သဏ္ဌာန်နှင့်အချင်း
လက္ခဏာအပေါ်သွန်ပြလေသည်။၎င်းသည် ပုံစံ-၃-ခုလာရှိလေသည်။

(၁)မွေးရာပါ အချင်းလက္ခဏာရှိခြင်း။ဥပမာ- قَبُحَ - ရုပ်ဆိုးခြင်း။

(၂)ကြီးစားအားထုပ်မှုကြောင့်ပေါ်ပေါက်လာသောအချင်းလက္ခဏာရှိခြင်း။

ဥပမာ- فَقُهَ - နားလည်သိရှိခဲ့သည်။

(၃)အချင်းလက္ခဏာနှင့်တူဆင်သည့်အရာဖြစ်ခြင်း။

ဥပမာ- طَهُرَ - သန့်ပြန့်ခဲ့သည်။။။

۞ خاصية ၏ باب حسب များ ۞

باب حسب မှလာရှိသော (لفظ) စာလုံးများမှ صحيح အဖြစ်လာရှိသည့် فعل နှစ်ခုသာရှိပြီးကျန် فعل များသည် يائى مِثَال و اوى ــ مِثَال များမှဖြစ်ကြသည်။

صحيح အဖြစ်လာရှိသော فعل နှစ်ခုမှာ-

(၁) حَسِبَ - يَحْسِبُ - حِسْبَانًا - ထင်ခြင်း။

(၂) نَعِمَ - يَنْعِمُ - نَعْمًا و نَعْمَةً - စည်းဇိမ်ရှိခြင်း။

ماضي ကိုထောက်ရှု၍ **باب** များကိုသိရှိစေနိုင်မည့် **علامات** များ

باب	مصدر	علامات	ماضي
إِفْتِعَالٌ	إِجْتِنَابٌ	فاء كلمة ၏နောက်တွင် تاء ရှိခြင်း	إِجْتَنَبَ
إِسْتِفْعَالٌ	إِسْتِنْصَارٌ	فاء كلمة ၏အလျှင် سين နှင့် تاء ရှိခြင်း	إِسْتَنْصَرَ
إِنْفِعَالٌ	إِنْفِطَارٌ	فاء كلمة ၏အလျှင် نون ရှိခြင်း	إِنْفَطَرَ
إِفْعِلَالٌ	إِحْمِرَارٌ	مشدّد لام كلمة ရှိခြင်း	إِحْمَرَّ

خاصيات

باب	مصدر	علامات	ماضي
إِفْعِيْلَالٌ	إِدْهِيْمَامٌ	ရှိ၍ الف နောက်တွင် عين كلمة ရှိခြင်း။ مشدّد ဌ لام كلمة	إِدْهَامَّ
إِفْعِيْعَالٌ	إِخْشِيْشَانٌ	ရှိခြင်း။ ၎င်းနှစ်ခု ကြား၌ و او عين كلمة နှစ်ခုလာ၍	إِخْشَوْشَنَ
إِفْعِوَّالٌ	إِجْلِوَّاذٌ	ရှိခြင်း။ و او مشدّد တွင် عين كلمة ၏နောက်တွင်	إِجْلَوَّذَ
إِفَّاعُلٌ	إِثَّاقُلٌ	ဖြစ်၍ مشدّد တွင် فاء كلمة ရှိခြင်း။ الف ၏အလျှင် عين كلمة	إِثَّاقَلَ
إِفَّعُّلٌ	إِطَّهُّرٌ	ဖြစ်ခြင်း။ مشدّد တွင် عين كلمة နှင့် فاء كلمة	إِطَّهَّرَ
إِفْعَالٌ	إِكْرَامٌ	ရှိခြင်း။ همزه ၏အလျှင် فاء كلمة	أَكْرَمَ
تَفْعِيْلٌ	تَصْرِيْفٌ	ရှိခြင်း။ مشدّد တွင် عين كلمة	صَرَّفَ
تَفَعُّلٌ	تَقَبُّلٌ	ရှိ၍ تاء ၏အလျှင် فاء كلمة ရှိခြင်း။ مشدّد တွင် عين كلمة	تَقَبَّلَ
مُفَاعَلَةٌ	مُقَاتَلَةٌ	ရှိခြင်း။ الف ၏နောက်တွင် فاء كلمة	قَاتَلَ
تَفَاعُلٌ	تَقَابُلٌ	ရှိ၍ تاء အလျှင် فاء كلمة ၏ عين كلمة အလျှင် الف ရှိခြင်း။	تَقَابَلَ

۞ خاصية ၏ باب إفْعَال ۞ များ

☆ကျ် باب ၌ خاصية -၁၅-မျိုးရှိလေသည်။☆

سلب -၆- وجدان -၅- تعريض -၄- الزام -၃- تصيير -၂- تَعُدِيَّةٌ -၁-
حينونت -၁၀- لياقت -၀၀- صيرورت -၉- بلوغ -၈- إعطاء مأخذ ၇-
مطاوعت -၁၃- موافقت -၁၄- إبتداء -၁၄- مبالغة -၁၂- مبالغة -၁၂-

၁- تعدية

فعل لازم တခုကို **متعدى** ပြုလုပ်ခြင်းကိုခေါ်သည်။

☆-**فعل لازم**တခုကို فعل متعدى ပြုလုပ်ပုံ-☆

၁- مجرد ၌ لازم ဖြစ်သော فعل တခုကို ثلاثي باب ဖွယ်ကာပြီး مفعول တခု အပိုထည့်ခြင်းဖြင့် متعدى ဖြစ်သွားလေသည်။ ဥပမာ- خَرَجَ زيدٌ ဖိုက်ထွက်ခဲ့သည်-မှ-أخرجتُ زيدًا ကျွန်ုပ်ဖိုက်ကိုထုတ်လိုက်သည်။

၂- مجرد ၌ مفعول တခုဖြင့် متعدى ဖြစ်ပါက ثلاثي باب ၌၄င်းကို مفعول နှစ်ခု ထည့်ပေးခြင်းဖြင့် متعدى ဖြစ်သွားလေသည်။
ဥပမာ-أحفرتُ زيدًا نهرًا -မှ- حفر زيدٌ ဖိုက်ရေတွင်းတူးခဲ့သည်-
ကျွန်ုပ်ဖိုက်ကိုရေတွင်းတူးစေခဲ့သည်။

၃- مجرد ၌ مفعول နှစ်ခုဖြင့် متعدى ဖြစ်ပါက ثلاثي باب ၌၄င်းကို مفعول သုံးခု ထည့်ပေးခြင်းဖြင့် متعدى ဖြစ်လေသည်။

ဥပမာ- علمتُ زيدًا فاضلاً ကျွန်ုပ်ဖိုက်ကို မွန်မြတ်သူဟု သိရှိခဲ့သည်

မှ- أعلمتُ زيدا عمرًا فاضلا ကျွန်ုပ်ဖိုက်ကို အမရ်မွန်မြတ်ကြောင်းအသိ ပေးခဲ့သည်။

ر- تصيير - အခြေအနေတခုမှတခုသို့ပြောင်းလဲခြင်း။

فاعل သည် مفعول ကိုဆောင်ရွက်အဖြစ်ပြောင်းလဲပြုလုပ်ပေးလိုက်ခြင်း။

ဥပမာ- أَشْرَكْتُ النَّعْلَ ကျွန်ုပ်(သဲကြိုးမရှိသည့်)ဖိနပ်ကို သဲကြိုးရှိသည့် ဖိနပ်အဖြစ်ပြောင်းလဲလိုက်သည်။ ၎င်း أشركت ၏ مأخذ သည် شِراك (ဖိနပ်သဲကြိုး) ဖြစ်သည်။

မှတ်ချက်။ مأخذ -ဆိုသည်မှာ اسم တခု၏ لفظ ကို فعل တခုအဖြစ် ပြောင်းလဲပြုလုပ်လိုရသည့် لفظ မျိုးကိုခေါ် သည်။ ဥပမာ- اَلْبَنَ ၎င်း၏ مأخذ لَبَنٌ ဖြစ်သည်။ اسم ဖြစ်သော لَبَنٌ ကို اَلْبَنَ ဟု فعل အဖြစ် ပြောင်းလဲလိုရန်ဆောင်ရွက်ခြင်းကိုခေါ် သည်။ ၎င်း اسم သည် جامد ဖြစ်စေ مصدر اسم ဖြစ်စေ အတူတူပဝင်ဖြစ်သည်။

ز- إلزام

فعل متعدى ကို فعل لازم လုပ်ပေးခြင်း။ ဥပမာ- اَحْمَدَ زيدٌ ဖိုက်ခ်ျီးကျူးခံထိုက်သူဖြစ်သည်။ ၎င်း فعل لازم တခုကို مجرد တွင်အသုံးပြုပါက مفعول ပါ၍(ပါ) فعل متعدى အဖြစ်နှင့်အသုံးပြုရမည်။

ဥပမာ- حَمِدتُّ زيدًا ကျွန်ုပ်ဖိုက်ကိုချီးကျူးခဲ့သည်။

၄- تعريض တင်ပြခြင်း။

فاعل သည် مفعول ကို مأخذ ၏နေရာသို့ ယူဆောင်တင်ပြခြင်းကိုခေါ်သည်။

ဥပမာ- اَبَعْتُ الْفَرَسَ ကျွန်ုပ်မြင်းကို(ရောင်းဝယ်ရာနေရာ)စေးသို့ခေါ်ဆောင်သွားသည်။ اَبَعْتُ ၏مأخذ သည် بَيْعٌ(ရောင်းဝယ်ခြင်း)ဖြစ်သည်။

၅- وجدان တွေ့ရှိခြင်း။

အရာတခုကို(ပါ)ل مفعول တခုကို مأخذ နှင့်တွဲလျက်တွေ့ရှိခြင်းကိုခေါ်သည်။

ဥပမာ- اَبْخَلْتُ زيدًا ကျွန်ုပ်ဖိုက်ကိုကပ်စေးနည်းသူအဖြစ်တွေ့ရှိခဲ့သည်။ اَبْخَلْتُ ၏ مأخذ သည် بُخْلٌ (စေးနည်းခြင်း)ဖြစ်သည်။

၆- سلب ဝေးကွာအောင်လုပ်ခြင်း။

အရာတခုဘက်မှ مأخذ ကိုဝေးကွာအောင်ပြုလုပ်ခြင်း။

ဥပမာ- أَشْكَيْتُ زيدًا ကျွန်ုပ်ဖိုက်ကိုတိုင်တန်းခြင်းမှဝေးကွာအောင်လုပ်ခဲ့သည်။ أشكيتُ ၏ مأخذ သည် شِكَاية (တိုင်တန်းခြင်း)ဖြစ်သည်။ဂင်းကို مجرد တွင် زيدٌ شَكَى (ဖိုက်တိုင်တန်းခဲ့သည်)၏အဓိပ္ပါယ်ပေးသည်။

